## မဂ္ဂင်ကျောင်းချိတ်ပိတ်ခံရခြင်း တခြားဘာသာဝင်များအတွက်ပါ စိုးရိမ်စရာဖြစ်လာဟု ပီနန်ဆရာတော် မိန့်ကြား
၃၀ နိုဝင်ဘာ ၂၀၀၇

ပီနန် ဆရာတော်ကြီးလို့ ဗုဒ္ဓဘာသာဝင်တွေ ကြည်ညိုလေးစားကြတဲ့ သာသနာ့ဥဿျောင်အဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရား ဦးပညာဝံသ က မဂ္ဂင်ကျောင်းတိုက်ကို မြန်မာစစ်အစိုးရက ချိတ်ပိတ်တဲ့လုပ်ရပ်မျိုးဟာ မြန်မာနိုင်ငံ က တခြားဘာသာဝင်တွေ တခြားသော ဘာသာရေးခေါင်းဆောင်တွေအတွက်ပါ စိုးရိမ်စရာဖြစ်လာနေတယ်လို့ ဗီအိုအေကိုမိန့်ကြားခဲ့ပါတယ်။ ပီနန် ဆရာတော်ကြီးကို ဦးရော်နီညိမ်းက မေးမြန်းလျှောက်ထားပြီး တင်ပြထား ပါတယ်။

အခုလို မဂ္ဂင်ကျောင်း ချိတ်ပိတ်ခံရတာနဲ့ပတ်သက်လို့ ပီနန် ဆရာတော်ဘုရားကြီးက အခုလို အစချီ မိန့်ကြားခဲ့ပါတယ်။

> “ဘုန်းကြီးတို့ သာသနိကပစ္စည်းကို ဘယ်သူမှသိမ်းပိုက်ခွင့်လည်းမရှိဘူး။ ဘာသာရေးနဲ့ပတ်သက် တဲ့ပစ္စည်းကို ဘယ်အစိုးရမှ အသိမ်းမခံဘူး။ အဲဒီလို သိမ်းတယ်ဆိုရင်တော့ ဗုဒ္ဓဘာသာ၊ ဒီ ကမ္ဘာတစ်ခုလုံး က ကိုးကွယ်တဲ့ဘာသာကို စော်ကားတယ်ဆိုတဲ့အဓိပ္ပါယ်လည်း ရောက်သွားတာပေါ့။ ဘုန်းကြီးတို့ တိုတို ပြောရရင်တော့ ဒါက အင်မတန် ကြီးလေးတဲ့အပြစ်ကို သူတို့ ကျူးလွန်တာပေါ့၊ ကောင်းပါတယ်။ သူတို့ လုပ်တော့လဲ။ မဟုတ်လို့ရှိရင် သူတို့က သာသနာကို သိပ်ပြီးတော့ ကြည်ညိုတဲ့သူတွေလို့ သူတို့ဘာသာ သူတို့ ကြေညာနေတယ်၊ သာသနာတော်ကြီးကို ပတ္တိယတ္တိ၊ ပတ္တိပတ္တိကို တခါတည်း ထွန်းကားအောင် လုပ်တယ်ဆိုပြီးတော့ သူတို့လုပ်ရပ်ကို သေချာစဉ်းစားကြည့်ပေါ့။”

*တင်ပါဘုရား၊ အခုလိုမျိုး ချိတ်ပိတ်သိမ်းပိုက်ရုံတင်မကသေးဘဲနဲ့ အဲဒီကျောင်းမှာသီတင်းသုံးနေတဲ့ ဦးပဇ္ဇင်း နှစ်ပါး ကိုရင် ခြောက်ပါးကိုလည်း ဘာမှစီစဉ်ပေးခြင်းမရှိဘဲ နှင်ထုတ်လိုက်တဲ့အတွက် မနေနိုင်တဲ့ ဒကာကနေပြီးတော့ ရန်ကင်းမှာရှိတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သို့မဟုတ် နားခိုရာတစ်ခုမှာ စီစဉ်ပေးလိုက်ပုံ ရပါတယ်ဘုရား။ အဲဒီလိုမျိုး သံဃာတော်တွေ ဘယ်သွားရမှန်းမသိဘဲ အထုတ်ကလေးတွေချပြီးတော့ လမ်းပေါ်မှာ ရပ်ပြီးတော့ နေ နေရတဲ့အဖြစ်မျိုး ရောက်ခဲ့တာနဲ့ပတ်သက်လို့ရော အရှင်ဘုရား ဘယ်လိုမိန့်ချင်ပါလဲဘုရား။ –*

> “ဒီမိုကရေစီလမ်းကြောင်းကို သွားပါမယ်ဆိုပြီးတော့ ကမ္ဘာတစ်ခုလုံးကို သူတို့ကပြော၊ ပြီးတော့ လူမှုရေးနဲ့ပတ်သက်တာ၊ Human Rights ပတ်သက်တာဆိုလို့ရှိရင်လည်း သူတို့ အခုလိုမျိုးမဖြစ်အောင် ထိန်းသိမ်းသွားပါမယ်ဆိုပြီး ပါးစပ်ကထွက်ပြောပြီးတော့ အခုလိုလုပ်တဲ့အခါကျတော့ ဒါက ဘယ်လိုလုပ်ပြီး တော့ ဒီမိုကရေစီလမ်းကို သွားမလဲ။ ဗမာစကားပြောသလိုဆိုရင်တော့ နှံပြည်စုတ် ဆိုတဲ့ ငှက်ခေါင်းထဲမှာ ရွှေကြက်ဥ ရှိတယ်ဆိုတဲ့စကားမျိုးဖြစ်မနေဘူးလားလို့ ဘုန်းကြီးပြောချင်တယ်လေ။ အဲဒီသဘောမျိုး ရောက် မနေဘူးလားလို့။ ဒီမိုကရေစီမပြောနဲ့၊ ဘာသာရေးကိုတောင် ရက်ရက်စက်စက် လုပ်တယ်၊ ပြီးတော့ လူမှုရေးဆိုတာလည်း ခုနက လူတစ်ဦးတစ်ယောက်က သူနေတဲ့နေရာကနေပြီးတော့ အခုလို တစ်ခါတည်း သွားစရာမရှိဘဲနဲ့ လမ်းမပေါ် တကယ်တမ်း ပြစ်ထားတယ်ဆိုလို့ရှိရင်တော့ အဲဒီလိုလုပ်တဲ့သူတွေက တိုင်းပြည်ကို ကောင်းအောင်လုပ်မယ်၊ ဘာသာရေးကို ကောင်းအောင်လုပ်မယ်ဆိုတာ၊ ဘုန်းကြီးပြောချင် တာကတော့ ဘုန်းကြီးတို့ ဗမာတွေ ဒီလောက်လည်း မရိုးကြနဲ့တော့လို့ ဘုန်းကြီးပြောချင်တယ်လေ။ သိပ် ရိုးလွန်းနေပြီနဲ့ တူတယ်လို့။”

*တင်ပါဘုရား။ အခုလိုမျိုး မဂ္ဂင်ကျောင်းတိုက်တို့၊ ငွေကြာယံ ကျောင်းတိုက်တို့၊ နန်းဦးကျောင်းတိုက်တို့ လိုမျိုးကို မြန်မာစစ်အစိုးရ အာဏာပိုင်တွေက နှိပ်ကွက်ဖိနှိပ်နေတာ အဲဒီကျောင်းမှာ သီတင်းသုံးနေတဲ့ သံဃာတော်တွေကို နှင်ထုတ်တာ၊ နောက် အေအိုင်ဒီအက်စ် ရောဂါဝေဒနာရှင်တွေ ဒီ သံဃာတွေကိုအားကိုးပြီး၊ ဒီ ကျောင်းတိုက်ကို အားကိုးပြီး လာရောက်မှီခိုနေထိုင် ရောဂါကုသနေတာနဲ့ ဒီလိုမျိုး ဖယ်ရှားပြစ်တာနဲ့ပတ်သက်ပြီး*

*တော့ အရှင်ဘုရားတို့ ပြည်ပမှာရှိတဲ့ သာသနာ့ဥသျှောင်အဖွဲ့ကြီးအနေနဲ့ ဘယ်လိုများ ကူညီဆောင်ရွက်နိုင်လိမ့်မယ်လို့ အရှင်ဘုရားတို့ စဉ်းစားထားတာများရှိပါသလားဘုရား။ –*

> "သာသနာ့ဥသျှောင်အဖွဲ့အနေနဲ့လည်း သက်ဆိုင်ရာ ကမ္ဘာ့အစိုးရတွေကိုလည်း ဘုန်းကြီးတို့ ပြောထားပါတယ်။ စက်တင်ဘာအရေးအခင်းမှာဖြစ်ခဲ့တဲ့ဟာတွေကလည်း ဘုန်းကြီးတွေလည်း နေစရာကိုယ့်ကျောင်းမှာကိုယ်မနေရဘဲနဲ့ တချို့ ဗုဒ္ဓဘာသာ စာသင်တိုက်တွေမှာဆိုရင်လည်း စာသင်သားတွေမရှိတော့ဘူးလို့ ဘုန်းကြီးတို့ ကြားနေရတယ်။ ပြီးတော့ လူတွေကို မျက်လှည့်ပြတဲ့ဟာမျိုး လုပ်ဖို့ ဓမ္မစရိယစာမေးပွဲတို့ အစိုးရစာမေးပွဲတွေလုပ်မယ်လို့ ကြားတဲ့အခါကျတော့ ဘုန်းကြီးတို့ သာသနာ့ဥသျှောင်အနေနဲ့ ထုတ်ပြန်ထားပါတယ်။ ခုနက သံဃာတော်တွေက လုပ်ထားတဲ့ ပတ္တနိကုစ္စန သပိတ်မှောက်တဲ့ကံက မဝန်ချမတောင်းပန်မချင်း သပိတ်မှောက်ကံက ပြီးသွားတာလည်းမဟုတ်တော့ ဆရာတော်တွေ သံဃာတော်တွေက အဲဒါကို စဉ်းစားပါလို့လည်း ဘုန်းကြီးတို့ သာသနာ့ဥသျှောင်အနေနဲ့လည်း ဘုန်းကြီးတို့ မေတ္တာရပ်ခံထားတယ်။ အဲဒီတော့ မြန်မာပြည်မှာရှိတဲ့ဆရာတော်တွေကလည်း ဒီကနေ့ မြန်မာပြည်ဖြစ်နေတဲ့ဟာကို သူတို့က သေသေချာချာကြည့်ပြီးတော့၊ တို့ – ဘာလုပ်သင့်သလဲဆိုတာ သံဃာပိုင်းဆိုင်ရာရော၊ ပြည်သူပြည်သားပိုင်းဆိုင်ရာရော၊ ပြည်ထောင်စုသားတွေကရော အားလုံး ဘုန်းကြီးတို့ ဒီကနေ့ သိပ်ပြီးတော့ လျစ်လျူရှုနေဖို့တော့ မတော်တော့ဘူးလို့ ဘုန်းကြီးထင်တယ်လေ။"

ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတွေ၊ ပြည်သူလူထုတွေကို ဒီလိုမျိုး နှိပ်ကွက်နေတယ်ဆိုရင် မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်နေတဲ့ တခြားသော ဘာသာဝင်မြန်မာနိုင်ငံသားတွေဟာလည်း စိုးရိမ်စရာအခြေအနေကို ရောက်လာလိမ့်မယ်လို့ တခြား ဘာသာရေးခေါင်းဆောင်တွေကလည်း စိတ်ပူလာတယ်လို့ ဆရာတော်ကြီးက အခုလို ဆက်ပြီး မိန့်ကြားခဲ့ပါတယ်။

> "ပြီးတော့ နောက် ဗုဒ္ဓဘာသာနဲ့ပတ်သက်တာ ခရစ်ယာန်တွေတောင်၊ နောက် အစ္စလာမ် ဘာသာရေးဆိုင်ရာ Inter-religion ဆိုတာကိုလည်း ဘုန်းကြီးတို့ပြောထားပါတယ်။ သူတို့တွေကလည်း အားလုံးကလည်း ဘာသာတစ်ခုကို ဆိုးကျိုးအနေနဲ့ အခုလို မတရားလုပ်သွားတယ်ဆိုလို့ရှိရင် နောက် ခရစ်ယာန်လည်း ဖြစ်လာနိုင်တယ်၊ အစ္စလာမ်လည်း ဖြစ်လာနိုင်တယ် ဆိုပြီးတော့ အားလုံးဘာသာတွေကလည်း ဘုန်းကြီးတို့ကို အခုလို ပြောထားပါတယ်။ ဒါကြောင့်မို့လို့ အတတ်နိုင်ဆုံး ဘုန်းကြီးတို့ သာသနာ့ဥသျှောင်အနေနဲ့လည်း အတတ်နိုင်ဆုံးလုပ်သွားမယ်ဆိုတာကိုတော့ မြန်မာပြည်ကရှိတဲ့ ဆရာတော်သံဃာတော်တွေနဲ့တကွ ပြည်သူပြည်သားအပေါင်းတို့ကိုလည်း ဘုန်းကြီးတို့က သိစေချင်ပါတယ်။ ဘုန်းကြီးတို့ အတတ်နိုင်ဆုံး ဆောင်ရွက်နေတယ်ဆိုတာကိုလေ။"

မြန်မာနိုင်ငံမှာ သာသနာရေးဆိုင်ရာ နှိပ်ကွက်မှုတွေကိုလုပ်နေတဲ့ မြန်မာအစိုးရရဲ့ လုပ်ရပ်တွေအပေါ်မှာ စိတ်မချမ်းမမြေ့ဖြစ်နေတဲ့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေတင်မက တကမ္ဘာလုံးမှာရှိတဲ့ ဗုဒ္ဓဘာသာဝင် ကမ္ဘာသူကမ္ဘာသားတွေက ကြည်ညိုလေးစားကြတဲ့ ပြည်ပသာသနာပြု ပီနန် ဆရာတော်ကြီးလို့ လူသိများတဲ့ သာသနာ့ဥသျှောင်အဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌ ဦးပညာဝံသ က ဗီအိုအေကို မိန့်ကြားသွားတာဖြစ်ပါတယ်။